ကျွဲရှင်းကျေးရွာ

ဥတ္တရသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွဲရှင်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျွဲရှင်းကျေးရွာ ကျေးရွာသယံဇာတပြဓြေပုံ၊ ဥတ္တရသီရိမြို့နယ်	၄
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၅
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၇
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၈
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၀
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၂၉
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၃၁
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၃၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ်အထိ(၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲ ရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွဲရှင်းကျေးရွာ

ဥတ္တရသီရိမြို့နယ်

ကျွဲရှင်းကျေးရွာ သယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျွဲရှင်းကျေးရွာသည် ဥတ္တရသီရိမြို့၏ အနောက်မြောက်ဘက်၁၇မိုင်ခန့်အကွာအဝေး၊ Longitude(96°02')နှင့်Latitude(19°84')တွင်တည်ရှိသည်။ မင်းကုန်းကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာဝေးတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပျဉ်းမနား– တောင်ညို လမ်းနှင့် မြောက်ဘက်တွင် တံတားဦး ကျေးရွာတို့ဖြင့် ကျေးရွာချင်း ဆက်တည်ရှိ နေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြကြောင်း တွေ့ရှိရသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာသည်မြေပြန့်ဒေသတွင်ရှိပြီးအပူချိန်မှာပျမ်းမျှ(၂၉°C)ခန့်ရှိပြီး ပျမ်းမျှမိုးရေချိန် (၂၆)လက်မခန့် ရွာသွန်းလေ့ရှိသည်။ မြေအမျိုးအစား မှာလည်း သဲ၊ ကျောက်မှုံ ရောနှော လျက်ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၃၅) ဧက၊ ယာမြေ(၂၆၈) ဧကနှင့် စုစုပေါင်း(၄၀၃)ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီး ဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း (၆) ဖွဲ့ရှိသည်။ ၄င်းတို့အနက် လူမှုရေးကို အခြေခံသောအဖွဲ့ (၁) ဖွဲ့၊ စိုက်ပျိုးရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့၊ကျန်းမာရေးကို အခြေခံသောအဖွဲ့ (၂)ဖွဲ့နှင့် လုံခြုံရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့ဝင်အရေအတွက်ကို လေ့လာကြည့်ရာတွင် လူမှုကူညီရေးအဖွဲ့၊ ဘာသာရေးအဖွဲ့နှင့် မူဝါဒအရဖွဲ့စည်းထားသော အမျိုးသမီးရေးရာအဖွဲ့မှလွဲ၍ ကျန်အဖွဲ့များ ဖွဲ့စည်းရာတွင် အမျိုးသမီးများ ပါဝင်ခွင့်အလွန်နည်း သည်ကို တွေ့ရသည်။ ၄င်းအဖွဲ့(၆)ဖွဲ့အနက် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းသော အဖွဲ့မှာ(၁)ဖွဲ့ရှိပြီး ကျန်(၅)ဖွဲ့မှာ ပြင်ပမှမူအရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သည်။ ၄င်းအဖွဲ့များကို လေ့လာရာတွင်လည်း ကျေးရွာလူထုမှ ကျေးရွာ၏လိုအပ်ချက်အရ လူထုကိုယ်တိုင်ဖွဲ့စည်းသောအဖွဲ့ များသာ ရည်ရွယ်/ကြာရှည်ရပ်တည်လေ့ရှိပြီး အဖွဲ့သားအချင်းချင်းအကြား အပြန်အလှန် ယုံကြည်မှု အပြည့်အဝရှိကြသည်။ တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိကြသည်။ အထူးလုံဆော် ရန်မလိုအပ် ဘဲစည်းလုံးမှု၊တက်ကြွမှုအပြည့်အဝရှိသည်ကို တွေ့ကြရသည်။ ပြင်ပမှ ဦးဆောင် လာရောက်ဖွဲ့စည်းသောအဖွဲ့များမှာ ရေရှည်ခံလေ့မရှိဘဲ လုပ်ငန်းများ ဆောင်ရွက် ရာတွင် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ စည်းလုံးမှု တက်ကြွမှု အားနည်းသည် တို့ကိုလည်း တွေ့ရသည်။

၄င်းအဖွဲ့အစည်း (၆)ဖွဲ့စလုံးသည်လည်း အစဉ်အလာအရ ဖွဲ့စည်းပြီး ဆောင်ရွက်နေကြသော်လည်း အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် အားနည်းနေသေးသည် ကိုတွေ့ကြရသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသော်လည်း အဖွဲ့အစည်းအချင်း ချင်း လည်း ချိတ်ဆက်မှု နှင့် ဦးဆောင်မှု စွမ်းရည်လည်း အားနည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ မှတ်တမ်းနှင့် စာရင်းဇယားစနစ်တကျ ရေးသွင်းမှု၊ စနစ်တကျ ထိန်းသိမ်းမှု၊ အဖွဲ့အစည်း အချင်းချင်း ချိတ်ဆက်မှုစသည့် စွမ်းဆောင်ရည်မြှင့် ရေး သင်တန်းများရရှိနိုင်ပါက အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုများတိုးတက် ကောင်းမွန်လာမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် မြေယာမဲ့ **၁၅၃** အိမ်ထောင်စု (၆၅.၉၅%) ၊ ၂.၅ ဧကအောက် ဆင်းရဲသား တောင်သူ ၂၄ အိမ်ထောင်စု (၁၀.၃၄ %)၊ ၂.၅ ဧကနှင့် ၅ ဧကအကြားပိုင်ဆိုင်သူ တောင်သူငယ် ၃၁ အိမ်ထောင်စု (၁၃.၃၆%)၊ ၅ ဧကနှင့် ၁၂.၅ ဧကအကြားပိုင်ဆိုင်သူ အလယ်အလတ်စားတောင်သူ ၁၇ အိမ်ထောင် (၇.၃၃%) နှင့် ၁၂.၅ ဧကအထက် ပိုင်ဆိုင်သူ တောင်သူကြီး ၇ အိမ် (၃.၀၂%) ရှိသည်ကို တွေ့ရှိရပြီး စပါးကိုအဓိကထားစိုက်ပျိုးကြောင်း တွေ့ရှိရသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် မိသားစုများမှ ၄င်း တောင်သူကြီးများ၏ စိုက်ပျိုးမြေများတွင် နေ့စားအငှါးလုပ်ကိုင်ကြရသည်။**မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။**

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြသည်။စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၆၀) တင်းသာ ရှိပါသည်။ ကျေးရွာတွင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၁)စီး၊ ခြွေလှေ့စက်(၂)စီးနှင့် ရေစုပ်စက် (၁၀) လုံးရှိပြီး တောင်သူကြီး များမှသာ ပိုင်ဆိုင်ကြသည်။ ကျန်ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်များမှ ငှါးရမ်း အသုံးပြုကြရသည်။ ကျေးရွာအနေဖြင့် စက်ကရိယာ လုံလောက်မှု မရှိပါ။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ ကိုလည်းမြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ကြပါသည်။

ဖောင်းလောင်ဆည်ရှိသော်လည်း စိုက်ပျိုးရေ လုံလောက်စွာမရရှိခြင်းကြောင့် အချို့ စိုက်ပျိုးမြေမှာ နှစ်စဉ်မိုးရေကိုသာ အားကိုး စိုက်ပျိုးကြရသည်။ ထို့ကြောင့် အချိန်မီ စိုက်ပျိုး နိုင်ခြင်းမရှိ၊ မိုးရေလုံလောက်မှုမရှိ၊ သီးနှံအောင်ရေမရ၊ လိုအပ်သလို ရေသွင်းစိုက်ပျိုး နိုင်ခြင်းလည်း မရှိသောကြောင့် သီးနှံ အထွက်နှုန်းနည်းသည်။ ကျေးရွာရှိချောင်းနှင့် နီးသော ယာမြေများတွင် စက်ဖြင့်ရေတင်စိုက်ပျိုးကြသော်လည်း ချောင်းနှင့်ဝေးသော ယာမြေများ တွင် စက်အဝီစိတွင်းတူး၍ ရေတင်စိုက်ပျိုးနိုင်ပါက သီးနှံအထွက်တိုးလာမည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စု များပြားပြီး တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသော အကောင်ရေမှာ နွား ၁၃၆ ကောင်၊ နို့စားနွား ၆ ကောင်၊ ကျွဲ ၁၅၅ကောင်၊ ဝက် ၂၅၂ကောင်နှင့် ကြက် ၂၇၆ ကောင်နှင့်ဘဲ၃၆ကောင် မွေးမြူကြသည်။ တိရိစ္ဆာန် ရောဂါကျရောက်ပါက တိမွေးကု ဦးစီးဌာသို့ အလွယ်တကူ ဆက်သွယ်နိုင်သည်။ မွေးမြူရေး၏ အဓိကအခက်အခဲမှာ နည်းပညာဝန်ဆောင်မှု အခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်းရရှိမှုအခြေအနေ၊ သားငါးရောင်းချရာတွင် လွတ်လပ်စွာရောင်းချ ခွင့်မရခြင်းတို့ဖြစ်သည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့် ပါတ်သက်၍ လုပ်ကိုင်နိုင်သော လုပ်ငန်း မရှိကြပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား အလုပ်သမားအနေဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်း၊ စက်ချုပ်၊ အလှပြင်၊ ဈေးဆိုင်နှင့် ဈေးရောင်း ခြင်း၊ လှည်းရည် ဆိုင်ရောင်းခြင်းနှင့် ဆိုင်ကယ် အငှားလိုက်ခြင်းများသာရှိသည်။ ၄င်းလုပ်ငန်း များကို လုပ်ကိုင်ရာတွင်လည်း အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်မရရှိခြင်း၊ လုပ်အားခနည်း ခြင်းတို့ကြောင့်ဝင်ငွေနည်းပါးသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှုလည်း နည်းပါးသည်။ အရင်းအနှီးလည်း နည်းပါးပြီး ချေးငွေလည်း လက်လှမ်းမမီကြပါ။ အသက်မွေးဝမ်း ပညာသင်တန်းများ တက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်းကုန်ကျစရိတ်နှင့်အရင်းအနှီးမတတ်နိုင် ကြပါ။ လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချ ရန် ဈေးကွက် အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် **စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ကေလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ကေအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။** ကျေးရွာတွင် အစိုးရငွေ ချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမငွေချေးစနစ် တို့ရှိသည်။ စိုက်ဘဏ်ချေးငွေသည် ကျေးရွာရှိတောင်သူများအနက်မှ ပုံစံ ၇ ရှိသော လယ်မြေများကိုသာ ထုတ်ချေးပေးသည်။ မိုးသီးနှံနှင့် ဆောင်းသီနှံအတွက် ၂ ကြိမ်ချေးယူခွင့် ရှိသည်။ ချေးငွေရရှိပြီ ချေးငွေကာလမှာ မိုးသီးနှံအတွက် ၈ လ၊ ဆောင်းသီးနှံအတွက် ၆ လ ဖြစ်သည်။ သမဝါယမချေးငွေမှာ အသင်းဝင် တစ်ဦးလျင် ၁၀၀၀၀၀ ကျပ်နှင့် ၁.၅ရာခိုင်နှုန်းဖြစ်သည်။ ချေးငွေကာလမှာဖိလဖြစ်ပြီး အကြေဆပ်ပြီးပါက ပြန်လည်ချေးငှားနိုင်သည်။ ကျေးရွာအတွင်း ငွေတိုးချေးသူထံမှ ချေးငှါးရာတွင် အပေါင်ပစ္စည်းထားပြီး အတိုးနှုန်းမှာ ၁၀-၂၀% ဖြစ်သည့်အပြင် သီးနှံပေါ်ချိန် အမြန်ပြန်လည် ပေးဆပ်ရသောကြောင့် ဆင်းရဲသားများအတွက် ငွေချေးရာတွင် များစွာ အခက်အခဲရှိသည်။ ယုံကြည်မှုလည်း နည်းသောကြောင့် အပေါင်ခံ ပစ္စည်းမရှိပါက ချေးငွေရ ရန် အခက်အခဲရှိသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၃၃ စီး၊ ဆိုင်ကယ် ၁၃၉ စင်း၊ ကား ၁၅ စီး၊ မြင်းလှည်း ၁ စင်းနှင့် နွားလှည်း ၅၂ စီး ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစု အသုံးပြုကြသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်း (၃) လမ်းရှိပြီး လမ်း(၂)လမ်းမှာ ကျေးရွာမှ လွှတ်တော်ဘတ်ဂျတ်နှင့်ကိုယ်ထူကိုယ်ထလမ်း ဖောက်လုပ်ထား၍ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပါသည်။ ချဉ်းကပ်လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး သွားလာရလွယ်ကူပါသည်။ ကျန်(၁)လမ်းမှာ မိုးတွင်းကာလများတွင် မြေသားလမ်းများပေါ်သို့ ရေကျော်ပြီးဖွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၁၉၂) စု ရှိပြီး၊ ဆိုလာစနစ်၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၃၅) စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာနှင့် ပါတ်သက်၍ အိမ်တိုင်း နီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း (၂၁၆) လုံး၊ ရေဒီယို ၃၆ လုံး၊ တီဗွီ ၁၀၃ လုံးနှင့် စလောင်း ၁၂ ခု **စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနောဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။**

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး မူလတန်းတက်ရောက်နေသော ဦးရေမှာ ၁၀၀ ယောက်၊ အလယ်တန်းကျောင်းနေအရွယ်မှာ ၉၇ ယောက်ရှိပြီး အထက်တန်းတက်ရောက်နေသော ဦးရေ ၆၂ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ၃၉ ဦးရှိသည်။ အထက်တန်းပညာကို မင်းကုန်း အထက်တန်းကျောင်းတွင်လည်းကောင်း၊ တက္ကသိုလ်ပညာအား ကျောက်ဆည်၊ မိတ္ထီလာ စသော မြို့များသို့ သွားရောက်သင်ယူ ကြသည်။ လက်ရှိ ကျေးရွာရှိ အလယ်တန်းကျောင်းခွဲအရွယ်မှာ အလျား ၁၂၀ပေ၊ အနံ၂၀ပေ၊ အမြင့်၁၅ပေ၊ သွပ်မိုး၊ ထရံကာ၊ အုတ်ခင်း အဆောင် ၂ ဆောင်ရှိသည်။ ကျောင်း ဆောင်နှင့် ပရိဘောဂ လုံလောက်မှုရှိသော်လည်း ကျောင်းယင်လုံအိမ်သာ၊ ကျောင်းသောက်ရေ၊ သင်ထောက်ကူ ပစ္စည်းနှင့် အားကစားပစ္စည်း လုံလောက်မှုမရှိကြပါ။ ကျောင်းအာဟာရနှင့် ကျောင်း ကျန်းမာရေး ပညာပေးအစီအစဉ်များလည်း မရှိကြပါ။ ကျောင်းဆရာအရေ အတွက်မှာ အစိုးရခန့် ကျား ၁ ဦး၊ မ ၁၁ ဦး စုစုပေါင်း ၁၂ ဦးရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာအုပ်စုတွင်သာရှိပြီး အုပ်စုအတွင်းရှိကျေးရွာသူ/သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာ ဝန်ဆောင်မှုနှင့် ကျန်းမာရေးပညာပေးများ ဆောင်ရွက်ပေးလျှက်ရှိသည်။ ကျေးရွာ အတွင်း ဆေးဝါးဆိုင် ရှိသော်လည်း ကျန်းမာရေးအသုံးအဆောင်နှင့် ဆေးဝါးပြည့်စုံမှုမရှိ။ အရေးပေါ် ဖြစ်ပါက (၁၇)မိုင်ဝေးသော ဥတ္တရသီရိမြို့နယ်ဆေးရုံနှင့် ၁၉ မိုင်ဝေးသော နေပြည်တော်ကုတင် (၁၀၀၀)ဆေးရုံသို့ ကျေးရွာရှိ လူမှုကူညီရေးကားဖြင့် အချိန်မရွေး သွားကြရသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်း ၁၃ တွင်း၊ တွင်းနက်(၁)တွင်း၊ တွင်းတိမ် (၁)တွင်းနှင့် လက်နှိပ်တုံကင်(၁၀)ခုရှိသည်။ ရေတွင်းများမှာ တစ်နှစ်ပါတ်လုံး ရေလုံ လောက်သော် လည်း အရည်အသွေးကောင်းသော သောက်ရေသန့်ရရှိရန် လိုအပ်သည်။ ချောင်းရေ ကိုလည်း အသုံးပြုကြသော်လည်း ခြောက်သွေ့ရာသီတွင် ချောင်းရေခမ်းသည်။ကျေးရွာတွင် အိမ်ထောင်စု ၂၃၂ အိမ်ရှိသော်လည်း

ရေဆွဲအိမ်သာ(၁)လုံး၊ ရေလောင်းယင်လုံ အိမ်သာ ၁၈၁လုံး၊ တွင်းရှိဧလားအိမ်သာ(၈)လုံးရှိပါသည်။ ကျန် ၃၅ အိမ်မှာ နီးစပ်ရာအိမ်ဝိုင်း အတွင်းရှိ အိမ်သာများကိုအသုံးပြုကြကြောင်း တွေ့ရှိရသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ခါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းနှင့် စိုက်နည်းစနစ် မှားယွင်းမှုကြောင့်လည်း မြေဆီဩဇာအန္တရာယ်ရှိမှု မြင့်ပါသည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်း ရေးစနစ်အစား ခါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမြင့်သည်။ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြင့်တင် ဆောင်ရွက်ပေးသင့် သည်။အပင်မျိုးစိတ်များ၊ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန်မျိုးကွဲများအနေဖြင့်လည်း ထိန်းသိမ်းမှုအားနည်းပြီး ထုတ်ယူသုံးစွဲမှု၊ ဖမ်းဆီးသတ်ဖြတ်မှုများသောကြောင့် တဖြည်းဖြည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အမျိုးသား များ နှင့် တန်းတူသင်ယူနိုင်သော်လည်း နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိဘဲ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှုရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ရှိပြီး အကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်များလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိကြောင်းလည်း တွေ့ရှိရပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မင်းကုန်း			ကျေးရွာအမည် – ကျွဲရှင်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်းရိစာခင်းပြုပြင်ခြင်း	
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျောက်စီရေမြောင်းပြုလုပ်ခြင်း	
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	တံတားချဉ်းကပ်လမ်း မြေဖို့ခြင်း	
၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းအိမ်သာတည်ဆောက်ခြင်း	
၅	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းများ တူးဖော်ခြင်း	
၆	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	
၇	အခြေခံအဆောက်အဦ	အခြားအခြေခံအဆောက်အဦ	စာကြည့်တိုက်ဆောက်လုပ်ခြင်း	

ကျွဲရှင်းကျေးရွာတွင် နှစ်အလိုက်ဆောင်ရွက်မည့်လုပ်ငန်းများ

စဉ်	လုပ်ငန်းအမည်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁။	ရွာတွင်းလမ်းရိစာခင်းပြုပြင်ခြင်း	✓				
၂။	ကျောက်စီရေမြောင်းပြုလုပ်ခြင်း		✓			
၃။	တံတားချဉ်းကပ်လမ်း မြေဖို့ခြင်း			✓		
၄။	စာသင်ကျောင်းအိမ်သာတည်ဆောက်ခြင်း				✓	
၅။	စက်ရေတွင်းများ တူးဖော်ခြင်း					✓

၆	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း					✓
၇	စာကြည့်တိုက်ဆောက်လုပ်ခြင်း					✓

မင်းကုန်းကျေးရွာအုပ်စု၊ ကျွဲရှင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	ပညာအရည်အချင်း	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်စိုး	ဦးပိန်	၉/ပမန(နိုင်) ၀၉၂၅၄၂	၄တန်း	၆၀	ဥက္ကဋ္ဌ၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီ	၀၉-၇၆၁၈၈၇၀၂၉
၂	ဦးကျော်မြင့်	ဦးတင်အောင်	၉/တကန(နိုင်)၀၃၇၈၄၁	၅တန်း	၅၄	အတွင်းရေးမှူး	၀၉-၂၅၄၀၇၇၀၂၅
၃	ဒေါ်တင်ရီ	ဦးစိုးလင်း	၉/ပမန(နိုင်)၂၂၀၅၆၀	၄တန်း	၃၂	စာရင်းကိုင်	၀၉-၄၄၉၂၈၇၃၆၈
၄	ဦးကျော်သန်းကြီး	ဦးသာခါ	၉/ပမန(နိုင်) ၀၅၀၉၆၈	၅တန်း	၆၄	ဘဏ္ဍာရေးမှူး	၀၉-၇၆၃၇၃၈၅၁၉
၅	ဒေါ်ခင်ဆန်းမြင့်	ဦးညိုအေး	၉/ပမန(နိုင်) ၁၁၅၁၆၂	၄တန်း	၅၂	သော့ကိုင်(၁)	-
၆	ဦးအောင်ကိုမြင့်	ဦးလှသောင်း	၉/ပမန(နိုင်) ၁၆၅၁၀၆	၅တန်း	၃၅	သော့ကိုင်(၂)	၀၉-၂၅၄၀၂၅၆၅၈
၇	ဦးမြင့်တင်	ဦးသန်းမောင်	၉/ပမန(နိုင်)၁၇၈၀၄၇	၄တန်း	၅၄	အဖွဲ့ဝင်	၀၉-၂၆၀၄၆၂၆၂၇

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၆	၁၆
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၅	၂၉	၇၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၄	၄၂	၉၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၀	၅၄	၁၀၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၄၃	၃၉၇	၇၄၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၃	၂၂	၄၅
စုစုပေါင်း		၅၂၅	၅၅၀	၁၀၇၅
စုစုပေါင်း အိမ်ထောင်စု		၂၃၂		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုပေါင်း(၂၃၂)စုရှိပြီး ကျား(၅၂၅)၊မ(၅၅၀)ဦးဖြင့် လူဦးရေ ပေါင်း(၁၀၇၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ကျေးရွာတွင် အလုပ်လုပ် နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း ၏(၆၈.၈၃%)ခန့်ရှိသဖြင့် လူသားအရင်း အမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသားနှင့် အမျိုးသမီး ဦးရေသည် ပျမ်းမျှညီမျှပါသည်။

(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတု

(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်)
လယ်မြေ	၁၃၅	ကောင်း	ရ	မိုးရေ
ယာမြေ	၂၆၈	ကောင်း	ရ	မိုးရေ
ဥယျာဉ်ခြံမြေ			ရ	မိုးရေ
အိမ်ခြံဝင်း စိုက်ခင်း				

ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၄၀၃			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေဧကေ(၁၃၅)ကွဲ့ မိုးရာသီတွင် စပါးကိုစိုက်ပျိုးကြပြီး ကျန်ရာသီများတွင်မတ်ပဲ၊ နှမ်းစသည့် သီးနှံများအားစိုက်ပျိုးကြသည်။ ယာမြေများတွင် ပြောင်း၊ မြေပဲစသည့်သီးနှံများနှင့် ဥယျာဉ်ခြံတွင် သရက်၊ ဝိန်စသည့် သီးပင် စားပင်များ စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက် မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေးသဲ)စသည်	ရှိ	ချောင်းအတွင်းမှသဲများထွက်ရှိပြီး အသုံးချလွယ်ပါသည်။
အခြားသဘာဝအရင်းအမြစ်များ		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (လူ့တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော)	မရှိ	
ပျမ်းမျှအပူချိန်-၂၉ °C	ပျမ်းမျှမိုးရေချိန်-၂၆လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနံဘေးရှိ ချောင်းအတွင်းမှ သဲများထွက်ရှိပြီး အလွယ်အကူအသုံးချနိုင်ပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	အာယုဒီဏာသခ လူမှုကူညီမှုအသင်း	၁□ ၂√ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၁၅)ဦးရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။
၂	အမျိုးသမီးအဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၁၀)ဦးရှိပြီး ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ အသင့်အတင့်ရှိပါသည်။
၃	အရံမီးသတ်တပ်ဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး √	အဖွဲ့ဝင်(၂)ဦးရှိပြီး ကျေးရွာ၏ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ အသင့်အတင့်ရှိပါသည်။
၄	မိခင်နှင့်ကလေး	၁□ ၂√ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး √ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၁၀)ဦးရှိပြီးမိခင်နှင့်ကလေးများ၏ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေး၍ စွမ်းဆောင်ရည်မှာ အသင့်အတင့်ရှိပါသည်။
၅	သမချေးငွေအဖွဲ့	၁√ ၂□ ၃□	ပညာရေး □ ဌေကြေး √ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၃)ဦးရှိသော်လည်းကျေးရွာသူ/ သားများ၏ ငွေကြေးဆိုင်ရာအခက်အခဲများကိုဖြေရှင်းဆောင်ရွက်ပြီး စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။
၆	စိုက်/ဘဏ်အဖွဲ့	၁√ ၂□ ၃□	ပညာရေး □ ဌေကြေး √ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၃)ဦးရှိသော်လည်းကျေးရွာရှိတောင်သူများအတွက် စိုက်ပျိုးရေးတွင်လိုအပ်သော ငွေကြေးကိစ္စများကိုဆောင်ရွက်ပြီး စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လူမှုရေးအဖွဲ့(၄)ဖွဲ့နှင့်ငွေစုငွေချေးအဖွဲ့(၂)ဖွဲ့ရှိပါသည်။

ကျေးရွာရှိ အဖွဲ့အစည်းများမှာ စွမ်းဆောင်ရည်များ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၈၅	၁၂၈	၁၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၅၉.၉၁%) မှာ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၃.၄၅%)မှာ အဆင်ပြေသော အဆင့်နှင့် (၃၆.၆၄%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများ နှင့် အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၇	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၇	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၃၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေယာပိုင်ဆိုင်သောအိမ်ထောင်စု(၇၉)စုသာရှိပြီး မြေယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စုမှာ(၁၅၃)စုရှိပါသည်။ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊

လက်သမား၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းနှင့် ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်းတွေ့ရှိရပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ	
စပါး	၁၃၅	တင်း	၆၀	၇၅	၆၈	ဇွန် ပိုင်း	ဩဂုတ် ပိုင်း	သင့်
နှမ်း	၅၀	တင်း	၁၀	၂၅	၄၀	ဩဂုတ် ပိုင်း	စက်တင်ဘာ ပိုင်း	သင့်
ကြံ	၁၆၈	တန်	၃၀	၅၀	၄၀	၁ဝ ပိုင်း	ဩဂုတ် ပိုင်း	သင့်
ပြောင်း	၅၀	တင်း	၃၀	၄၀	၃၅	ဩဂုတ် ပိုင်း	စက်တင်ဘာ ပိုင်း	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းမှာ ပျမ်းမျှ(၆၈)ရှိကြောင်းတွေ့ရှိရပါသည်။ အခြားသီးနှံများဖြစ်သည့် ကြံ၊ ပြောင်း၊နှမ်းစသည့် သီးနှံများ၏ အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၁	၁၃၆
နို့စားနွား	၆	၆
ကျွဲ	၅၀	၁၅၅
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၁၂၁	၂၅၂
ကြက်	၁၀၀	၂၇၆
ဘဲ	၈	၃၆
နွားနောက်		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နွား မွေးမြူရေးလုပ်ကိုင်သောအိမ်ထောင်စု(၅၁)စု၊ ဝက်မွေးမြူရေး လုပ်ကိုင်သောအိမ်ထောင်စု(၁၂၁)စု၊ ကြွေးမွေးမြူရေးလုပ်ကိုင်သောအိမ်ထောင်စု(၅၀)စုနှင့်ကြက်မွေးမြူရေး လုပ်ကိုင် သောအိမ်ထောင်စု(၁၀၀)ခန့် ရှိပြီး မွေးမြူရေးအား စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ တပိုင်တနိုင်လုပ်ကိုင်ကြ ကြောင်းတွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် စျေးကွက်လည်းရှိကြောင်းတွေ့ရှိရပါပြီး ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ အထူးသဖြင့် ဝက်မွေးမြူရေးတွင် ဝက်နားရွက်ပြာရောဂါသည် အဖြစ်များပြီး သေဆုံး ပျက်ဆီးမှုများအထိရှိကြောင်း တွေ့ရှိရပါသည်။

(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း	၅	၁၀	၁၀	
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း	၉	၉	၉	
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	၄	၅	၅	
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)	၁	၁	၁	
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၂၃	၂၆	၂၆	
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	၆	၆	၆	

၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၅	၅	၅	
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေးလုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၁၀၁	၁၂၀	၁၂၀	
	စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ-		၁၇၈		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

